# အာဒ်ဝင်တူးကာလ တတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၁း၆-၈၊၁၉-၂၈

အခုဆိုရင် အာဒ်ဝင်တူးကာလရဲ့ တစ်ဝက်ကျော်လာပါပြီ။ ခရစ္စမတ်ရောက်ဖို့ တစ်ပတ်ကျော်ကျော်ပဲ လိုတော့တယ်။ ဒီကနေ့ အာဒ်ဝင်တူးတတိယတနင်္ဂနွေနေ့ကို အသင်းတော်က ဝမ်းမြောက်ဖွယ်ရာ တနင်္ဂနွေနေ့လို့ ခေါ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ဖတ်ရတဲ့ကျမ်းစာတွေကလည်း ဝမ်းမြောက်စရာကျမ်းစာတွေပဲ ဖတ်လိုက်ရပါတယ်။ မှန်ပါတယ်။ ခရစ္စမတ်အချိန်မှာ ကြွလာမည့် ကယ်တင်ရှင်ဘုရားကို သင်က လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ မကြိုဆိုပဲ၊ လက်မခံချင်တဲ့စိတ်နဲ့ ငြိုညင်တဲ့စိတ်နဲ့ ကြိုဆိုမလို့လား။ တစ်ချို့ အိမ်ရှင်တွေက ဧည့်သည်လာရင် လက်မခံချင်တဲ့စိတ်/ မပျော်မရွှင်တဲ့စိတ်နဲ့ မဖြစ်သာလို့သာ လက်ခံကြတာပါ။ ကျနော်တို့ရဲ့ ဘဝ၊ ကျနော်တို့ရဲ့ဝိညာဉ်ထဲကို ဆင်းကြွလာမည့် ကယ်တင်ရှင်ဘုရားကိုတော့ ကြိုဆိုလက်ခံရတာ ဝမ်းမြောက်စရာကောင်းပါတယ်။

ကျနော်တို့ကတော့ ပြောမှာပေါ့။ ငါတို့က ဘယ်လိုလုပ် ဝမ်းမြောက်နိုင်မှာလဲကွာ။ ငါ့အိမ်လည်း မီးလောင်သွားပြီ။ ငါလည်း ထွက်ပြေးနေရပြီ၊ အလုပ်လက်မဲ့လည်း ဖြစ်နေရပြီ။ ကုန်ဈေးနှုန်းလည်း အဆမတန်ကြီးနေပြီ။ ငါ ဘယ်လိုလုပ် ပျော်နိုင်မှာလဲ။

သင်ပြောတာ အဓိပ္ပါယ်ရှိပါတယ်။ မှန်လည်း မှန်ပါတယ်။ ဒါပေမဲ့ ယနေ့ဖတ်ရတဲ့ ရှင်ပေါလူးရဲ့ ဆုံးမစာ သက်ဆာလောနိက ဩဝါဒစာထဲမှာ “အစဉ်အမြဲ ဝမ်းမြောက်ရွှင်လန်းကြလော” တဲ့။ အဲဒီကျမ်းစာကို ရှင်ပေါလူး ရေးနေတဲ့နေရာက ထောင်ထဲမှာ ။ ကဲ ဘာသာသူတို့ ထောင်ထဲကျနေတဲ့ ရှင်ပေါလူးကတောင် ထောင်အပြင်က သင်တို့ကို အစဉ်အမြဲ ဝမ်းမြောက်ကြဖို့ တိုက်တွန်းထားတယ်။ အမှန်ဆိုရင် ထောင်အပြင်မှာရှိတဲ့သင်တို့က ထောင်ကျနေတဲ့သူကို အဆင်ပြေအောင်နေဖို့ အားပေးရမှာ ။ အခုတော့ ထောင်ကျနေတဲ့သူက သင်တို့ကို အားပေးနေပါတယ်။ ထောင်ကျနေတဲ့သူ ရှင်ပေါလူးက ဘာကြောင့် စိတ်လက်ပေါ့ပါးပြီး လွတ်လပ်နေရတာလဲ။ ကြည့်ပဲ့ါလား တမန်တော်ဝတ္ထု အခန်းကြီး ၁၆း၂၅ ထောင်ထဲမှာ ထိတ်တုံးခတ်ခံရတဲ့ ရှင်ပေါလူးနဲ့ စီလပ် တို့က ဓမ္မသီချင်းတွေဆိုကြတဲ့အခါ အကျဉ်းထောင်ရဲ့အုတ်မြစ်တွေ တုန်ခါလှုပ်ရှားပြီး ထောင်တံခါးတွေတောင် ပွင့်သွားတယ် တဲ့။ ဒါဘယ်လိုလုပ် ဝမ်းမြောက်နိုင်တာလဲ။ ထောင်ကျနေတာတောင် ဝမ်းမြောက်နိုင်သေးတယ်။ အေး ဟုတ်တယ်၊ လူကသာ ထောင်ကျနေတာ၊ သူတို့ရဲ့စိတ်ဝိညာဉ်က ဘုရားနဲ့ ပေါင်းစပ်နေတယ်၊ ဘုရားထံ ဆုတောင်းခြင်းအားဖြင့် ဆက်သွယ်နေတယ်လေ။ ယနေ့ဖတ်ရတဲ့ ရှင်ပေါလူးရဲ့ဆုံးမစာကို ဆက်ဖတ်ကြည့်မယ်ဆိုရင် “အစဉ်အမြဲ ဝမ်းမြောက်ရွှင်လန်းကြလော။ ဆုတောင်းပတ္ထနာပြုခြင်းကို အဆက်မပြတ်ပြုလုပ်ကြလော့။ ” သြော် . . ထောင်ထဲမှာ အဆက်မပြတ် ဆုတောင်းနေလို့ ဝမ်းမြောက်နိုင်တာကိုး ။ ဆက်ဖတ်အုံးမယ်ဆိုရင် “အခြေအနေအမျိုးမျိုး၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။” သြော် . . . ထောင်ထဲမှာ ရောက်နေတဲ့အခြေအနေမှာပဲဖြစ်ဖြစ်၊ စစ်ဘေးရှောင်နေရတဲ့အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ စီးပွါးရေးအစဉ်မပြေတဲ့အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကျေးဇူးတင်ချီးမွမ်းတတ်လို့ သူ ပျော်နိုင်တာကိုး ။ ဆက်ဖတ်ကြည့်အုံး . . “အကြောင်းမူကား ဘုရားသခင်သည် ခရစ်တော်ယေဇူး၌ရှိသော

သင်တို့အား ဤသို့ပြုလုပ်စေခြင်းငှာ အလိုရှိတော်မူ၏” တဲ့ ။ ဘုရားသခင်က အဲ့ဒီလို လုပ်စေချင်တာလား။ ဘုရားက အဲ့လို လုပ်စေချင်တာဆို ငါလုပ်မယ်၊ ဘုရားက အဲ့လို ဒုက္ခရောက်လည်း ကြံ့ကြံ့ခံစေချင်တာလား ငါ ခံမယ်။ ဘာပဲဖြစ်နေပါစေ ဘုရားက ငါ့ကို ယုံကြည်ခြင်း ကြီးစေချင်တာလား၊ ငါ ယုံကြည်မယ်။ ဘုရားက စိတ်ပျက်တာကို မကြိုက်ဘူး၊ သူ့၌ မျှော်လင့်စေချင်တာလား၊ ဒါဆို ငါ မျှော်လင့်မယ်၊ စိတ်မပျက်ဘူး ဆိုပြီး ဘုရားက လိုလားသလို ငါ နေမယ်ဆိုတဲ့လူတွေက အစဉ်အမြဲ ဝမ်းမြောက်နိုင်မယ်။ ထောင်ထဲက ကျနော်တို့ရဲ့ လူထုခေါင်းဆောင်လိုပေါ့။

ယေရှုဘုရားရှင်ကလည်း သူ့ရဲ့တရားတော်ကို “ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း” လို့ နာမည်တတ်ထားတယ်နော်။ နောက်ပြီး (ရှင်မာတေဦး ၆) “သင်တို့၏စိတ်နှလုံး ပူပန်ခြင်း မရှိစေကြနှင့်” တဲ့။ ဝမ်းမြောက်ဖို့တို့ ၊ စိတ်မပူနဲ့ တို့ကို ယေရှုဘုရားရှင်ကိုယ်တော်တိုင်က မိန့်တော်မူထားတာပဲ။ အဲလို မိန့်တော်မူထားတာ အကြောင်းရှိပါတယ်။ ဘာလိုင်းကြီး ဝမ်းမြောက်နေဖို့တော့ မဆိုလိုထားပါဘူး။ ဒါ ဝမ်းမြောက်စရာရှိလို့ကို မိန့်တော်မူထားတာ ဖြစ်မှာပေါ့။ ဘုရားကို အမှီပြုပြီး ဝမ်းမြောက်နိုင်ကြဖို့ ဖိတ်ခေါ်ထားပါတယ်။

သင် ခရစ်ယာန်ဖြစ်လာရတာက ဝမ်းနည်းဖို့လား၊ ဝမ်းသာဖို့လား။ ဝမ်းနည်းစရာ ဖြစ်လာစေတယ်ဆိုရင်တော့ သင် ယုံကြည်နေတဲ့ဘုရားက သင့်ကို တော်တော် နှိပ်စက်ထားတာပဲ . . . . စိတ်မကောင်းပါဘူးဗျာ ။ ခရစ်ယာန်တွေရဲ့တရား ကျမ်းစာကို ဖတ်ကြည့်လိုက်မယ်ဆိုရင် ဘုရားသခင်ကို အမှီပြုပြီး ဝမ်းမြောက်ဖို့ အားတက်ဖို့ မျှော်လင့်ချက် ကြီးဖို့တွေပဲ ပါတယ်။ အားလုံးစုံကို တတ်နိုင်တဲ့ဘုရားရဲ့သာသမီး - ခရစ်ယာန်တစ်ယောက် ဖြစ်လာတယ်ဆိုမှတော့ ဝမ်းသာစရာ မဟုတ်ဘူးလား။ ခရစ်ယာန်တစ်ယောက်ဖြစ်လာပြီးတော့ ဒေါသမွှန်နေရင်တော့ ဘာလိုလုပ် ဝမ်းမြောက်နိုင်တော့မှာလဲ။ မခွင့်လွှတ်နိုင်ရင်တော့ ဘယ်လိုလုပ် ဝမ်းမြောက်နိုင်မှာလဲ။ ချစ်ခြင်းမေတ္တာ မထားရင်တော့ ဘယ်လိုလုပ် ပျော်နိုင်တော့မှာလဲ။ ကုန်ကုန်ပြောရရင် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဆိုတဲ့ ယေရှုဘုရားရှင်ရဲ့တရားတော်ကို လက်မခံမှတော့ ဝမ်းမြောက်စရာလမ်း မမြင်ပါဘူး။

အဲဒီကယ်တင်ရှင်ဘုရား ကြွလာတဲ့အခါ ကျနော်တို့ကို လွှတ်မြောက်စေမယ်၊ ကုသပေးမယ်။ ဆင်းရဲသားတွေတောင် ဝမ်းမြောက်စေမည့် သတင်းကောင်းကို ဟောကြားလိမ့်မယ်လို့ ယနေ့ဖတ်ရတဲ့ ဟေရှာယကျမ်းစာမှာ ဖော်ပြထားပါတယ်။ ကျနော်တို့ကို ဘယ်လိုလွှတ်မြောက်စေမှာလဲ၊ အပြစ်ရဲ့ကျွန်၊ ဒေါသရဲ့ကျွန်၊ မနာလိုခြင်းရဲ့ကျွန်၊ မခွင့်လွှတ်နိုင်ခြင်းရဲ့ကျွန်ဘဝကနေ သူ့ရဲ့တရားတော်အားဖြင့် လွှတ်မြောက်စေမှာပါ။ ကျနော်တို့ကို ဘယ်လိုကုစားပေးမှာလဲ၊ ခံစားခဲ့ရတဲ့ စိတ်ဒဏ်ရာတွေ၊ မကြေမချမ်းဖြစ်နေတာတွေကို သူ့ရဲ့ချစ်ခြင်းကို သိရှိခံစားစေပြီး ကုစားပေးမှာပါ။ ဆင်းရဲသားတို့အား ဝမ်းမြောက်ဖွယ်ရာသတင်းကို ဟောကြားမယ်ဆိုတော့ ဆင်းရဲသားတောင် ဝမ်းမြောက်စေမည့်သတင်းကောင်းက ဘာများပါလိမ့်။ သိချင်ရင် ကျမ်းစာဖတ်ပေါ့။

ယနေ့ဖတ်ရတဲ့ ရှင်ယောဟန်ကျမ်းစာမှာ ယောဟန်ဗတ္တိစ္စတားက ကယ်တင်ရှင်ယေရှုဘုရား ကြွလာတဲ့အခါ သင်တို့ကို ဝိညာဉ်တော်ဘုရားအားဖြင့် ဆေးကြောတော်မူလိမ့်မယ် တဲ့။ ကယ်တင်ရှင်ယေရှုဘုရားက ပါးစပ်ကလေးနဲ့ ဟောပြောရုံသက်သက် လာတာ မဟုတ်ဘူး။

စကားသက်သက် လာပြောပြီး တရားပေးတာ မဟုတ်ဘူး။ ဘုရားရဲ့တန်ခိုးတော်ကိုပါ သက်သေအဖြစ် ပြသသွားတယ် မဟုတ်ဘူးလား။ သေတဲ့လူကို ပြန်ရှင်စေဖို့ အသက်ပေးတယ်။ ကန်းတဲ့သူကို ပြန်မြင်စေတယ်ဆိုတဲ့ တန်ခိုးတွေ ပြခြင်းအားဖြင့် သင်တို့ မျှော်နေတဲ့ကယ်တင်ယေရှုဘုရားဟာ ဘုရားစစ်ဘုရားမှန်ဆိုတာ သင်သိပြီပေါ့။ ဒါဆို သင်ဘာဆက်လုပ်မလဲ။ ကိုယ့်ဘဝကို ဘယ်လိုလျှောက်လှမ်းတော့မလဲ။ ဒီ အာဒ်ဝင်တူးကာလမှာ စဉ်းစားဆင်ခြင် ကမ္ဘာနားထောက်ရှုပါ။ ခရစ္စမတ်ဆိုတာ တစ်ရက်တာအတွက်ပဲ ကျင်းပရတဲ့ ဟောလီးဒေး မဟုတ်ဘူး။ သင့်ဘဝတစ်ခုလုံး ပြောင်းလဲစေတဲ့ ပွဲတော်ဖြစ်ပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။